**Karenni Civil Society Network**


P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇန်နဝါရီလ ၈ ရက်၊ ၂၀၂၆ ခုနှစ်

# ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ ဒီဇင်ဘာလ ၁-၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်– ၂၀၂၁ နိုဝင်ဘာလ ၃၀ရက်၊ ၂၀၂၅ | ဒီဇင်ဘာလ ၁-၃၁ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၁၄ | ၃ | ၇၁၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၄၈ | ၆ | ၉၅၄ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၄ | ၂ | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၉၁ | ၃ | ၆၉၄ |
| | မယ်စဲ့မြို့နယ် | ၃၄ | ၃ | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၀၈ | ၃၆ | ၈၄၄ |
| | ဖရူဆိုမြို့နယ် | ၁၆၂ | | ၁၆၂ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၀ | | ၁၉၀ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဒီဇင်ဘာလ ၁-၃၁ရက်နေ့ထိ၊၂၀၂၅ ခုနှစ်



အတုအယောင်ရွေးကောက်ပွဲအတွင်း လွိုင်ကော်တွင် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၁ဦးသေဆုံးကာ ၃ဦး ဒဏ်ရာရရှိ

အတုအယောင်ရွေးကောက်ပွဲမတိုင်မီတွင် စစ်ကောင်စီသည် ကရင်နီပြည်နယ်နှင့် ရှမ်း-ကရင်နီနယ်စပ်တွင် ၎င်းတို့၏ စစ်ကြောင်းထိုးမှု ဆက်လက်၍ ပိုမိုလုပ်ဆောင်ခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားလျက်ရှိသည်။ သို့သော် ဒီဇင်ဘာ ၂၅ ရက်တွင် ကရင်နီပြည်နယ်၏ အစိတ်အပိုင်းအများစုကို ထိန်းချုပ်ရန် မအောင်မြင်ကြောင်း ဝန်ခံသည့်အနေဖြင့် စစ်ကောင်စီသည် ရွေးကောက်ပွဲ၏ တတိယအဆင့်ကျင်းပမည့် မြို့နယ်စာရင်းမှ မယ်စဲ့မြို့နယ်၊ ရှားတောမြို့နယ်နှင့် ဖာဆောင်းမြို့နယ်သုံးခုကို ချန်လှပ်ထားခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်တွင် အတုအယောင်ရွေးကောက်ပွဲ၏ ပထမအဆင့်တွင် လွိုင်ကော်နှင့် ဘော်လခဲမြို့နယ်တို့တွင် လုံခြုံရေးတင်းကျပ်စွာ ချထားပြီး မဲပေးခဲ့သည်။ မဲပေးနေစဉ်အတွင်း စစ်ကောင်စီသည် လွိုင်ကော်မြို့တွင်းနှင့် အနီးတစ်ဝိုက်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး အရပ်သား ၁ဦးသေဆုံးကာ ၃ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

*ဒီဇင်ဘာလတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဒီဇင်ဘာလ ၂ရက်၊ ညနေပိုင်းအချိန် ရှမ်းပြည်တောင်ပိုင်း၊ ပင်လောင်း-ဖယ်ခုံမြို့နယ်စပ်တွင် ထိတွေ့တိုက်ပွဲ နေ့စဉ်ဖြစ်ပွားပြီးနောက် တောင်စလုံးကျေးရွာကို စစ်ကောင်စီတပ်နှင့် ပအိုဝ်ပြည်သူ့စစ် (PNO)တပ်တို့မှ ဝင်ရောက်ပြီး ဒေသခံများ၏နေအိမ်၃၅လုံးထက်မနည်း မီးရှို့ဖျက်စီးမှုများ ပြုလုပ်ခဲ့သည်။

ဒီဇင်ဘာလ ၃ရက်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းရပ်ကွက်တွင် နေထိုင်သော အသက်၄၅နှင့်၄၀နှစ် အရွယ် အမျိုးသားနှစ်ဦး တောင်ယာခင်းထဲတွင်အလုပ်လုပ်ပြီး အပြန်လမ်းတွင် မောင်းနှင်လာသော

လယ်ထွန်စက်ဖြင့် မြေမြှုပ်မိုင်းနင်းမိကာ ဒဏ်ရာရရှိခဲ့သည့်အပြင် လယ်ထွန်စက်တစ်စီးလည်း ပျက်စီးသွားခဲ့သည်။

ဒီဇင်ဘာလ ၆ရက်၊ ညသ၁၀နာရီဝန်းကျင်အချိန် လွိုင်ကော်မြို့အရှေ့ဘက်ပိုင်းရှိ ပါလောင်းစစ်ရှောင်စခန်းကို စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်စာသင်ကျောင်းဆောင်တစ်ခု ပျက်စီးသွားခဲ့သည်။

ဒီဇင်ဘာလ ၇ရက်၊ ည၈နာရီကျော်အချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဒီးမော့ဆိုမြို့နယ်အနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့် ၃ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကားတစ်စီးနှင့် နေအိမ်တချို့ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး ဒီးမော့ဆိုအရှေ့ဘက်ခြမ်းရှိ ငွေတောင်အခြေစိုက် ခလရ (၁၀၂)တပ်မှလည်း လက်နက်ကြီးများပစ်ခတ်ခဲ့သည်။

ဒီဇင်ဘာလ ၁၂ရက်၊ ဖယ်ခုံမြို့နယ်၊ ပီကင်းရွာအနောက်ဘက်ပိုင်းတွင် ကားနှင့်အတူမီးလောင်သေဆုံးနေသော စလင်းမိုးငံကျေးရွာနေထိုင်သူ အမျိုးသားရုပ်အလောင်းတစ်ခုတွေ့ရှိခဲ့သည်။

ဒီဇင်ဘာလ ၁၄ရက်၊ ဖရူဆိုမြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းတစ်ခုမှာ စစ်ရှောင်နေသောအမျိုးသားတစ်ဦးသည် ပြီးခဲ့သော အောက်တိုဘာလ ၂၆ရက်၊ ညနေပိုင်း ၃နာရီအချိန်ခန့်တွင် စပါးသိမ်းယူနေစဉ် စစ်ကောင်စီ၏ ဒရုန်းတိုက်ခိုက်မှုကြောင့် ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး တစ်လကျော် ဆေးကုသမှုခံယူရင်း သေဆုံးခဲ့သည်။

ဒီဇင်ဘာလ ၁၈ရက်၊ မနက်ပိုင်းအချိန်တွင် မိုးဗြဲအခြေစိုက် ခမရ ၄၂၂တပ်မှ မိုးဗြဲမြို့အနောက်ဘက်ပိုင်းရှိ ကျေးရွာများထဲသို့ လက်နက်ကြီးများပစ်ခတ်ခဲ့ခြင်းပြီး ကျေးရွာများအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ဒီဇင်ဘာလ ၂၆ရက်၊ ည ၉နာရီကျော်အချိန်တွင် စစ်ကောင်စီ၏မိုးဗြဲမြို့အခြေစိုက် ခမရ ၄၂၂တပ်မှမြို့ပြင်ဘက်လို့ လက်နက်ကြီး သုံးကြိမ်ရမ်းသမ်းပစ်ခတ်ခဲ့သည်။

ဒီဇင်ဘာ ၂၈ရက်၊ မနက်အချိန်ကစပြီး စစ်ကောင်မရှင်၏ အတုအယောင်ရွေးကောက်ပွဲကျင်းပရာ လွိုင်ကော်မြို့ထဲနှင့် မြို့ပြင်တစ်ဝိုက်ကို စစ်ကောင်စီတပ်များမှ လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်ခဲ့ပြီး မြို့ထဲသုံးလုံးကျရောက်ပေါက်ကွဲကာ အမျိုးသမီးတစ်ဦးနှင့် အသက်၂၈၊၂၉နှစ်၊၃၀အရွယ်

အမျိုးသားသုံးဦး လက်နက်ကြီးစထိမှန်ကာ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ တစ်ဦးမှာ ဆေးကုသနေစဉ်တွင်း သေဆုံးခဲ့သည်။

ဒီဇင်ဘာလ ၂၉ရက်၊ မနက် ၂နာရီခွဲအချိန် စစ်ကောင်စီတပ်ကင်းစင်သော မယ်စဲ့မြို့နယ်ထဲရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး နေအိမ်သုံးလုံးထက်မနည်း ပျက်စီးကာ ကားတချို့လည်း ဗုံးစထိမှန်ပျက်စီးခဲ့သည်။

**contact persons:**

| | |
|---|---|
| Khu Ko Reh | Tel: +66 65 329 7814 |
| Maw Thue Myar | Tel: +66 63 608 3153 |

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com